**Dawei Development Association**
Dawei Township, Tanintharyi Region,Myanmar
dda.dawei@gmail.com

သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ။ အောက်တိုဘာ ၂၁၊ ၂၀၁၄

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည် ဖော်ရာတွင် ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းပေးရန် ဒေသခံများ တောင်းဆို

ဘန်ကောက်၊ ထိုင်း ။ ။ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းခြင်း မပြုဘဲ စီမံကိန်းကို မည်ကဲ့သို့ ပြန်လည်စတင်မလဲဆိုသည်ကို ထားဝယ်အထူးစီးပွားရေးဇုန်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဒေသမှ ဒေသခံများက ယနေ့ မေးခွန်းထုတ်လက်သည်။ ပြဿနာများလှသည့် စီမံကိန်းကို အသစ်တဖန် ပြန်လည်မစတင်မီ ပြဿနာများကို ဦးစွာ ဖြေရှင်းရန် လိုအပ်သည်။

“ရွာမှာ လမ်းလာဖောက်တဲ့ချိန်မှာ ဘယ်သူမှ မသိဘူး။ ကျွန်တော်တို့ ဥယျာဉ်တွေ၊ သန့်ရှင်းတဲ့ရေနဲ့ အသက်မွေးဝမ်းကြောင်း လုပ်ငန်းတွေ ဆုံးရှုံးခဲ့တယ်။ ဒါပေမယ့် ဘာလျော်ကြေးမှ မရဘူး။ ဒီစီမံကိန်းကြောင့် ဖြစ်လာမယ့် ပြဿနာတွေကိုလည်း ပြောပြခဲ့တာ မရှိဘူး” ဟု ထိုင်းလူ့အခွင့်အရေး ကော်မရှင်သို့ ဒေသခံများ၏ စိုးရိမ်ချက်များကို တင်ပြရန် ဘန်ကောက်သို့ ရောက်ရှိနေသည့် ထားဝယ်မြို့နယ်၊ သပြုချောင်းရွာမှ စောကဲဒိုက ပြောကြားသည်။

“ကျွန်မတို့ သတင်းအချက်လက်တွေ လိုတယ်။ ဘယ်သူက တာဝန်ယူမှာလဲ တိတိကျကျသိဖို့ လိုတယ်။ လက်ရှိ ထိခိုက်မှုတွေကို ဘယ်လို ကုစားပေးမှာလဲ။ နောက်ထပ် ဖြစ်လာမယ့် ဆိုးကျိုးတွေကို တာဝန်ရှိသူတွေ ဘယ်လို ကာကွယ်ပေးမှာလဲ” ဟု ထားဝယ် အမျိုးသမီး သမဂ္ဂမှ ဒေါ်စုစုဆွေက မေးခွန်းထုတ်သည်။

“စီမံကိန်းကြောင့် လက်ရှိအခြေအနေထက် လူနေမှုအဆင့်အတန်း မနိမ့်ကျစေရဘူးဆိုတာ ကျွန်တော်တို့ သိထားတယ်။ လယ်အတွက် လျော်ကြေးပေးတော့ သူများတွေ တစ်ဧက သိန်း ၃၀ ရပြီး ကျွန်တော့်ကို တစ်ဧက ငါးသိန်းပဲ ပေးတယ်။ အခု တစ်ဧက သိန်း ၃၀ ပေးတာတောင်မှ လက်ရှိပေါက်ဈေးနဲ့ လယ်အသစ်ဝယ်ဖို့ မလောက်တော့ဘူး။” ဟု ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပါဝင်နေသည့် မူးဒူးကျေးရွာမှ ဦးအောင်မြင့်က ပြောဆိုသည်။ “ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ ဒေသခံတွေနဲ့ ကျွန်တော်တို ပတ်ဝန်းကျင်ကို မထိခိုက်ရဘူး။” ဟု ၎င်းက ဆက်ပြောသည်။

ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့မှ “ထားဝယ်စီမံကိန်းနဲ့ ဆက်စပ် စီမံကိန်းမားအပေါ် လူထုထံမှ စိုးရိမ်သံများ ” အမည်ရ အစီရင်ခံစာကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ နိုင်ငံခြား သတင်းထောက်များ အသင်း (FCCT) တွင် ယနေ့ ထုတ်ဝေသည်။ အဆိုပါ အစီရင်ခံစာတွင် ဒေသခံများ၏ စိုးရိမ်ချက်များကို မှတ်တမ်းတင်ထားသည်။ ထို့အပြင် အစီရင်ခံစာအား ထိုင်းလူ့အခွင့်အရေး ကော်မရှင်ရုံးရှိရာ အစိုးရ စုပေါင်းရုံးတွင် ပြုလုပ်သည့် လူထုကြားနာပွဲတွင် တင်ပြခဲ့သည်။

ထိုင်းနှင့် မြန်မာတွင် အခြေစိုက်သော ကုမ္ပဏီများမှ လုပ်ဆောင်ခဲ့သော စီမံကိန်းများကြောင့် ဖြစ်ပေါ်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ မြေယာသိမ်းဆည်းမှုနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းမှု အကျိုးဆက်များအား စုံစမ်းစစ်ဆေးရန် မြန်မာနှင့် ထိုင်းလူ့အခွင့်အရေး ကော်မရှင်အား တောင်းဆိုလိုက်သည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသည် ပင်လယ် ကမ်းရိုးတန်းနှင့် စိုက်ပျိုးမြေများ တည်ရှိရာ မြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိသည်။ ၂၀၀၈ ခု ကနဦး သဘောတူညီချက်အရ အထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ ရေကာတာနှင့် နှစ်နိုင်ငံ ဆက်သွယ်သော လမ်း ပါဝင်သည်။ စီမံကိန်း ပြီးစီးပါက အရှေ့တောင်အာရှတွင် အကြီးမားဆုံးသော စက်မှုဇုန်ထဲတွင် တစ်ခုအပါအဝင်

ဖြစ်လာမည်ဖြစ်သည်။ ၂၀၀၈ မှ ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော စီမံကိန်း လုပ်ငန်းများအတွက် အီတာလျံ–ထိုင်း (ITD) မှ အဓိက တာဝန်ရှိသည်။ ဘဏ္ဍာရေးအကြပ်အတည်းများ ကြုံတွေ့ခဲ့ရပြီးနောက် စီမံကိန်း တိုက်ရိုက်တာဝန်ယူရန် ထိုင်းနှင့်မြန်မာ အစိုးရနှစ်ရပ် အကျိုးတူ ပိုင်ဆိုင်သော အထူးလုပ်ငန်း ဖော်ဆောင်ရေး အဖွဲ့ (စနခငဇ ဏကမစသျန ဋနငရှန) ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် စီမံကိန်းအား လွှဲပြောင်းခဲ့ပြီးနောက် စီမံကိန်းမှာ နှောင့်နှေးနေခဲ့သည် ။ ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယု အိုချန်ချာ၏ မကြာသေးမီက လာရောက်ခဲ့သော မြန်မာနိုင်ငံခရီးစဉ်တွင် အစိုးရနှစ်ရပ်လုံးက စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် တင်ဒါခေါ်ယူပြီး ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း သတင်းအချက်အလက် အနည်းငယ်ကိုသာ ပြည်သူများသိရှိခဲ့သည်။

နှစ်နိုင်ငံလုံးရှိ နိုင်ငံရေးအခြေအနေမှာလည်း အလွန် ထိရှလွယ်သည့် အခြေအနေတွင် ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသ သည်လည်း လက်နက်ကိုင် အဖွဲ့များ၏ အပ်ချုပ်မှုအောက်တွင် ရှိနေသည်။

"ရင်းနှီးမြှုပ်နှံသူတွေကော ရင်ဆိုင်ရမယ့် အခက်အခဲတွေကို ပြည့်ပြည့်ဝဝ သိပြီးပြီလား။ သဘာဝ ပတ်ဝန်းကျင်၊ လူမှုနဲ့ လူ့အခွင့်အရေး ဝတ္တရားတွေ အားလုံးကိုရော နားလည်ထားရဲ့လား" ဟု လူထုအခြေပြု တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီမှ ဦးစောခိုက ပြောဆိုသည်။

လေ့လာချက်အရ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကြောင့် ရွာပေါင်း ၂၀ မှ ၃၆ ရွာရှိ ဒေသခံများ ထိခိုက်မည်ဟု ခန့်မှန်းထားသည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကြောင့် တိုက်ရိုက်ထိခိုက်သည့် ရွာပေါင်း ၂၀ ကို လေ့လာထားသည့် အရည်အသေးနှင့် အရေအတွက် လေ့လာချက်၏ ရလဒ်များအရ ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် အရေးပါသည့် လယ်မြေများနှင့် သဘာဝ အရင်းအမြစ်များကို ကြိုတင်သတင်းအချက်အလက်မရဘဲ ဆုံးရှုံးခဲ့ကြောင်း တွေ့ရှိရသည်။ အဓိပ္ပါယ်ပြည့်ဝသည့် ညှိနှိုင်းမှုလည်း မရှိခဲ့ဘဲ လျော်ကြေးပေးရာတွင်လည်း ခြစားမှုများ ရှိခဲ့သည်။ မြန်မာနှင့် ထိုင်းအစိုးရများ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံမှ စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် မည်သည့် ရင်းနှီးမြှုပ်နှံသူအပါအဝင် အဓိက ပါဝင်သူအားလုံးအတွက် အစီရင်ခံစာတွင် အကြံပြုချက်များ တင်ပြထားသည်။

ထို့အပြင် အစီရင်ခံတွင် ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်သူများသည် သင့်လျော်သည့် နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်း ဥပဒေ စံချိန်စံညွှန်းများနှင့် လုံလောက်သည့် အစားအစာနှင့် အိမ်ယာ၊ ဒေသခံများ၏ အခွင့်အရေး၊ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းဆိုင်ရာ တာဝန်များကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း ထောက်ပြထားသည်။ အဆိုပါ ပြဿနာများကို စီမံကိန်း အကောင်အထည် ဖော်သူများအနေဖြင့် အလျင်အမြန် အရေးယူဆောင်ရွက်ရန် လိုအပ်သည်။

"အစိုးရရဲ့ မူလတာဝန်က ပြည်သူကို ကာကွယ်ပေးရမယ်။ လူ့အခွင့်အရေး ချိုးဖောက်မှု ၊သဘာဝ ပတ်ဝန်းကျင်နဲ့ လူတွေရဲ့ အသက်မွေးဝမ်းကျောင်းကို ထိခိုက်စေတဲ့ စီမံကိန်းကို ဒီပုံစံနဲ့ ပြန်စမယ်ဆိုရင် အစိုးရနှစ်ရပ်လုံး သမိုင်းတရားခံဖြစ်မယ်" ဟု ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့မှ ညှိနှိုင်းရေးမှူး ဦးသန့်ဇင်က ပြောကြားသည်။

ထပ်မံသိရှိလိုပါက အောက်ပါ  ပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါသည်။
ဦးသန့်ဇင် (+၆၆ ၉၄ ၇၈၁ ၃၈၀၀) (မြန်မာ၊ အင်္ဂလိပ်ဘာသာ)
စောဖရန်ကီ (+၆၆ ၉၂၀၀၃ ၇၇၉၁) (အင်္ဂလိပ်ဘာသာ)
Areewan Sombunwattanakul (+ ၆၆ ၉၀ ၂၃၇ ၆၅၆၅) (ထိုင်းဘာသာ)
စောကဲဒို (+၆၆ ၆၁ ၅၃၆ ၂၂၈၄) (မြန်မာဘာသာ)